၈၀။ ......................

"ဒီမိုကရေစီက တချို့နိုင်ငံတွေမှာ ခပ်မြန်မြန် ပွံ့နဲ့ ဖွံ့ဖြိုးပြီး တချို့နိုင်ငံတွေမှာ အမည်ခံသာသာပဲဖြစ်နေရတာ ဘာကြောင့်ပါလဲ ဆရာ"

"အားထုတ်မှုကြောင့်ပေါ့၊ အားထုတ်မှုအကွာအဟက ဒီမိုကရေစီအကွာအဟကို ဖြစ်စေတာပဲ"

"အားထုတ်မှုအကွာအဟကကော ဘယ်လိုအချက်တွေပေါ် မူတည်ပါသလဲ ဆရာ"

"အားထုတ်မှုဟာ အားသွင်းမှုအပေါ်မှာ အမြဲမူတည်တယ်၊ ပညာအားထုတ်မှု မြင့်ချင်ရင် ပညာအားသွင်းမှု မြင့်ခဲ့မှပဲရမယ်၊ စာရိတ္တအားထုတ်မှု မြင့်ချင်ရင် စာရိတ္တအားသွင်းမှု မြင့်ခဲ့မှပဲရမယ်၊ အားသွင်းမှုမမြင့်ခဲ့ဘဲ အားထုတ်မှုမြင့်ချင်လို့တော့ မရဘူး၊ ချစ်တပည့်၊ ဆင်ခြင်စဉ်းစားမှု ဆိုတာလည်း ဒီသဘောမျိုးပဲ၊ သွင်းခဲ့သမျှအားတွေပေါ်မှာ အခြေတည်ချဲ့ထွင်အားထုတ်ရတာပဲ၊ အားဆိုတာ စွမ်းအင်ဆိုတဲ့ အနက်ထွက်တယ်၊ စွမ်းအင်သွင်းမှုကောင်းမှ စွမ်းအင်ထွက်မှုကောင်းမယ်၊ ဒီတော့ စွမ်းအင်ထွက်မှုကောင်းစေမယ့် စွမ်းအင်သွင်းမှုဝန်းကျင်ကောင်းတွေကို နိုင်ငံအနဲ့ အစိုးရတစ်ရပ်က ဆောက်တည်ဖန်တီးပေးနိုင်သလား ဆိုတာဟာ ဒီမိုကရေစီအကွာအဟကိုပြဆိုနိုင်တဲ့ အခြေပဲ"

-4.5.2015; 8:04pm